**ကျွန်ုပ်သည် နာတာရှည်ဆေးရုံအတွက် သတ်မှတ်ချက်ပြည့်မီပါသလား။**

သင်သည် အောက်ပါအချက်တစ်ခုခုနှင့်ကိုက်ညီပါက နာတာရှည်ဆေးရုံ ဝန်ဆောင်မှုအတွက် သတ်မှတ်ချက်ပြည့်မီပါသည်-

- သင်သည် 6 လ သို့မဟုတ် ထို့ထက်မပိုသော အချိန်ကာလအထိသာ အသက်ဆက်ရှင်နိုင်တော့မည့် ရောဂါဝေဒနာတစ်ခုခုကို ခံစားနေရပြီ ဖြစ်သည်ဟု သင့်သမားတော်မှ ပြောကြားလာပါက။
- ပြုစုစောင့်ရှောက်မှု၏ရည်မှန်းချက်ပန်းတိုင်မှာ သင်၏ရောဂါလက္ခဏာများကို ကုသရန်နှင့် သင်၏ရှင်သန်နေထိုင်မှုဘဝအရည်အသွေးကို အမြင့်ဆုံး မြှင့်တင်ရန်ဖြစ်သည်။

လူများသည် တစ်ခါတရံတွင် နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်းကို တော်တော်နှင့် ပြောမထွက်ဘဲ ဖြစ်တတ်သည်။ လိုအပ်လာချိန်မှ လုပ်ဆောင်ခြင်းမဟုတ်ဘဲ ကြိုတင်၍ဆောင်ရွက်ထားခြင်းဖြင့် သင်၏ဆန္ဒကို သင့်မိသားစုနှင့် ဆရာဝန်များ သေချာသိရှိနားလည်သဘောပေါက်စေပါမည်။

- အခြားသောအခြေအနေများအတွက် ကုသစောင့်ရှောက်မှုကို သင် ဆက်လက်ရရှိနေပါမည်။
- သင့်အား သက်သောင့်သက်သာဆက်ရှိစေနိုင်မည့် သင့်လျော်သည့် ဆေးဝါးများကို သင်ဆက်လက်ရရှိပါမည်။
- သင်၏ကင်ဆာရောဂါကုသရေးအဖွဲ့နှင့် သင်၏ပုံမှန်ပြသနေကျ ဆရာဝန်နှင့်လည်း အဆက်အသွယ်မပြတ် ဆက်လက်ပြသနိုင်ပါမည်။
- စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာ အထောက်အပံ့များကိုလည်း ရရှိပါမည်။
- သင့်မိသားစုသည်လည်း ပြုစုစောင့်ရှောက်မှုဆိုင်ရာ ပံ့ပိုးကူညီမှုနှင့် ဘာသာရေးဆိုင်ရာ အထောက်အပံ့များကို ရရှိနိုင်ပါမည်။

## ကင်ဆာရောဂါကိုကုသသည်ထက် သင့်အားကုသစောင့်ရှောက်ပေးရန် ကျွန်ုပ်တို့က အဓိကအာရုံစိုက်ပါသည်။



**နာတာရှည်ဆေးရုံဝန်ဆောင်မှုကိုရယူနေစဉ်အတွင်း ကျွန်ုပ်အား မည်သူက ပြုစုစောင့်ရှောက်မည်နည်း။**

မိသားစုဝင် သို့မဟုတ် မိတ်ဆွေတစ်ယောက်ယောက်သည် သင်၏ အဓိကပြုစုစောင့်ရှောက်သူဖြစ်နိုင်ပါသည်။ ထို့အပြင် နာတာရှည်ဆေးရုံဝန်ဆောင်မှု ရယူနေစဉ်အတွင်း သင့်အတွက် အောက်ပါကျွမ်းကျင်ပညာရှင်များကိုလည်း ရရှိနိုင်ပါမည်-

- သူနာပြုများ
- လက်ထောက်များ
- နာတာရှည်ဆေးရုံဝန်ဆောင်မှုသမားတော်
- အာဟာရပညာရှင်
- လူမှုဝန်ထမ်း
- ဘာသာရေးဆိုင်ရာ အတိုင်ပင်ခံ

**နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် မည်သည့်အာမခံများနှင့် အကျုံးဝင်သနည်း။**

နာတာရှည်ဆေးရုံဝန်ဆောင်မှုအများစုသည် "Medicare"၊ "Medicaid" နှင့် ပုဂ္ဂလိကအာမခံများဖြင့် အကျုံးဝင်ပါသည်။ ငွေပေးဆောင်နိုင်မှု အပေါ်အခြေခံပြီး မည်သည့်လူနာကိုမှ ငြင်းပယ်ခြင်းမပြုရပါ။ အချို့သော ဝန်ဆောင်မှုများအတွက် သင့်အိတ်ထဲမှ ပူးတွဲပေးချေရသည့် ကုန်ကျစရိတ်များလည်း ရှိကောင်းရှိနိုင်ပါသည်။ အပိုဆောင်းငွေပေးချေမှုများ ပေးချေရန် လိုအပ်လာပါက သင်၏ နာတာရှည်ဆေးရုံဝန်ဆောင်မှုအဖွဲ့က သင့်အား ပြောပြပါလိမ့်မည်။

**ကျွန်ုပ် အခြားဘာတွေကိုသိထားသင့်ပါသလဲ။**

နာတာရှည်ဆေးရုံဝန်ဆောင်မှုရယူခြင်းကို သင့်ဘက်က အချိန်မရွေးရပ်ဆိုင်းနိုင်မည်ဖြစ်ပြီး သင်အဆင်သင့်ဖြစ်ပါက ပြန်လည်စာရင်းသွင်းနိုင်ပါမည်။

**သင်နေထိုင်ရာ ဒေသအတွင်းရှိ နာတာရှည်ဆေးရုံဝန်ဆောင်မှုများနှင့် သက်ဆိုင်သည့် အချက်အလက်အတွက် သင့်ကင်ဆာအထူးကုသမားတော်ထံ မေးမြန်းပါ။**

MOQC
MICHIGAN ONCOLOGY QUALITY CONSORTIUM

Blue Cross Blue Shield of Michigan
Nonprofit corporations and independent licensees of the Blue Cross and Blue Shield Association

# နာတာရှည်ဆေးရုံဝန်ဆောင်မှုနှင့်ပတ်သက်ပြီး

# ကျွန်ုပ်ဘာတွေသိထားသင့်ပါသလဲ။







## နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ဘာအတွက်ရွေးချယ်သင့်သလဲ။

လူများသည် တစ်ခါတရံတွင် နာတာရှည်ဆေးရုံဝန်ဆောင်မှုအကြောင်းကို တော်တော်နှင့် ပြောမထွက်ဘဲ ဖြစ်တတ်သည်။ လိုအပ်လာချိန်မှ လုပ်ဆောင်ခြင်းမဟုတ်ဘဲ ကြိုတင်၍ဆောင်ရွက်ထားခြင်းဖြင့် သင်၏ဆန္ဒကို သင့်မိသားစုနှင့် ဆရာဝန်များ သေချာသိရှိနားလည်သဘောပေါက်စေပါမည်။

- အခြားသောအခြေအနေများအတွက် ကုသစောင့်ရှောက်မှုကို သင်ဆက်လက်ရရှိနေပါမည်။
- သင့်အား သက်သောင့်သက်သာဆက်ရှိစေနိုင်မည့် သင့်လျော်သည့်ဆေးဝါးများကို သင်ဆက်လက်ရရှိပါမည်။
- သင်၏ကင်ဆာရောဂါကုသရေးအဖွဲ့နှင့် သင်၏ပုံမှန်ပြသနေကျဆရာဝန်နှင့်လည်း အဆက်အသွယ်မပြတ် ဆက်လက်ပြသနိုင်ပါမည်။
- စိတ်ခံစားမှုပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် ဘာသာရေးဆိုင်ရာအထောက်အပံ့များကိုလည်း ရရှိပါမည်။
- သင့်မိသားစုသည်လည်း ပြုစုစောင့်ရှောက်မှုဆိုင်ရာ ပံ့ပိုးကူညီမှု၊ ဘာသာရေးဆိုင်ရာ အထောက်အပံ့များနှင့် ပူဆွေးသောကရောက်ခြင်းဆိုင်ရာ အထောက်အကူများကိုလည်း ရရှိနိုင်ပါမည်။

## ဘယ်အချိန်မှာ ရွေးချယ်သင့်ပါသလဲ။

နာတာရှည်ဆေးရုံဝန်ဆောင်မှုကို ဘယ်အချိန်တွေမှာ ရွေးချယ်သင့်သလဲ-

- ကုသမှုအရည်အသွေးထက် ဘဝနေထိုင်မှုအရည်အသွေးကို သင်ပိုလိုအပ်လာသည့်အချိန်။
- ကုသမှုအား ဝန်ထုပ်ဝန်ပိုးတစ်ခုလို ခံစားရလာသည့် အချိန်။
- ကင်ဆာကုသမှုမှ ကောင်းမွန်သည့် တိုးတက်မှုမရရှိကြောင်း သင်နှင့် သင့်ဆရာဝန်ဆုံးဖြတ်ခဲ့သည့်အခါ။
- ကင်ဆာကုသခြင်း၏ ဘေးထွက်ဆိုးကျိုးများက ရရှိလာမည့်အကျိုးကျေးဇူးထက် ပိုမိုများပြားလာသည့်အခါ။
- သင့်ဘဝခရီး၏ ဤအပိုင်းတွင် သင်နေထိုင်လိုသည့်ပုံစံကို သင်သိနားလည်သွားသည့်အခါ။
- သင့်မိသားစုနှင့် ပြောဆိုဆွေးနွေးပြီး ၎င်းတို့က သင်၏ဆုံးဖြတ်ချက်အားလေးစားလိုက်နာကြသည့်အခါ။

**နာတာရှည်ဆေးရုံဝန်ဆောင်မှုသည် ဘဝနေထိုင်မှု အရည်အသွေးနှင့် ဘဝရှင်သန်မှုအခိပ္ပါယ်ကိုသာ အလေးထားပါသည်။**

### နာတာရှည်ဆေးရုံဝန်ဆောင်မှုတွင် မည်သည့်ဝန်ဆောင်မှုများ အကျုံးဝင်ပါသလဲ။

- ဆေးဝါးများ၊ ဆေးပစ္စည်းကိရိယာများနှင့် အထောက်အကူပစ္စည်းများ။ သင့်အား သက်သောင့်သက်သာ ရှိစေရန်အတွက် လိုအပ်သည့် မည့်သည့်ဆေးဝါးကိုမဆို နာတာရှည်ဆေးရုံဝန်ဆောင်မှုမှ ပံ့ပိုးပေးပါမည်။
- အိမ်တွင် ကုသစောင့်ရှောက်၍မရနိုင်သော ရောဂါလက္ခဏာများအတွက် အသိအမှတ်ပြုထားသည့် အဆောက်အအုံများတွင် ကာလတို လူနာပြုစုစောင့်ရှောက်မှု။
- အိမ်နှင့် ဝေးရာတွင် အနားပေးစောင့်ရှောက်မှုဟု ခေါ်တွင်သည့် ယာယီစောင့်ရှောက်ပေးမှု။ ထိုပြုစုစောင့်ရှောက်မှုကို အသိအမှတ်ပြုထားသည့်အဆောက်အအုံများတွင်သာ လုပ်ဆောင်ရမည်ဖြစ်သည်။

နာတာရှည်ဆေးရုံဝန်ဆောင်မှုအများအပြားတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် စေတနာ့ဝန်ထမ်းများ ရှိပါသည်။ အချို့သော နာတာရှည်ဆေးရုံဝန်ဆောင်မှုများတွင် ဂီတကုထုံး၊ အနှိပ်ကုထုံး၊ နှင့်/သို့မဟုတ် အိမ်မွေးတိရစ္ဆာန်ကုထုံးများ ရရှိနိုင်ပါသည်။ သင့်အတွက် အဓိပ္ပာယ်အရှိဆုံးဖြစ်စေမည့် ဝန်ဆောင်မှုများအကြောင်းကို သိရှိနိုင်ရန် သင့် နာတာရှည်ဆေးရုံဝန်ဆောင်မှုပေးသူနှင့် ဆွေးနွေးပါ။

### နာတာရှည်ဆေးရုံဝန်ဆောင်မှုကို မည်သည့်နေရာတွေမှာ ပံ့ပိုးပေးသလဲ။

စောင့်ရှောက်မှုကို အများအားဖြင့် သင့်အိမ်၊ သို့မဟုတ် မိသားစုဝင်တစ်ဦး၏အိမ် သို့မဟုတ် သူငယ်ချင်းတစ်ဦး၏အိမ်တွင် ပံ့ပိုးပေးသည်။ သင့်အားအိမ်တွင် ပြုစုစောင့်ရှောက်ပြုပေးနေချိန်တွင် သင့်အား စောင့်ရှောက်မှုပေးနေသူများသည် အကူအညီရယူရန်အတွက် နာတာရှည်ဆေးရုံဝန်ဆောင်မှုသို့ တစ်ရက်လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက် တယ်လီဖုန်းဖြင့် ဆက်သွယ်နိုင်ပါသည်။

နာတာရှည်ဆေးရုံပြုစုစောင့်ရှောက်မှုကို အောက်ဖော်ပြပါနေရာများတွင်လည်း ထောက်ပံ့ပေးထားပါသည်-

- အရည်အသွေးပြည့် သူနာပြုဌာန (Skilled Nursing Facility, SNF)
- အထောက်အကူပြု စောင့်ရှောက်ရေးဂေဟာ (Assisted Living Facility, ALF)
- သက်ကြီးရွယ်အို စောင့်ရှောက်ရေးဂေဟာ (Adult Foster Care, AFC)
- နာတာရှည်ဆေးရုံဝန်ဆောင်မှုအိမ်ရာ (Hospice House)

နာတာရှည်ဆေးရုံဝန်ဆောင်မှုကို သင်ရွေးချယ်ခဲ့ချိန်တွင် အရည်အသွေးအမြင့်ဆုံး ပြုစုစောင့်ရှောက်မှုကို ဆက်လက်၍ လက်ခံရရှိနိုင်ပါမည်။

